မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ___ *Volume 7/Issue 6 / June / 2014*




## မျှော်လင့်ခြင်းအသစ်ဖြင့်

ကြည့်ရှုလော့။ အမှုသစ်ကိုငါပြုမည်။ ယခုပေါ်လာလိမ့်မည်။
သင်တို့သည် အမှန်သိမြင် ရကြလိမ့်မည်။ ဟေရှာယ၊ ၄၃း၁၉

၂၀၁၄ ခုနှစ်၏ ဇွန်လသို့ ရောက်ရှိလာပါပြီ။ ဘုရားသခင်ပို့ဆောင်တော်မူသော ကျေးဇူးတော်ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘဝခရီးသစ်မှာ တွေ့ဆုံရမည့် အမှုသစ်များနှင့် ဆက်လက်လျှောက်နိုင်ရန် အမှန်ပင် ဘုရားသခင်ကို လိုအပ်ပါသည်။ ဘုရားသခင်နှင့် ဆိုလျှင် ကျွန်ုပ်တို့နှလုံးသားတွင်း အသစ်တစ်ဖန် အစပြုနိုင်ပါသည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ ဆက်သွယ်ခြင်းဖြင့် ကိုယ်တော့်ကို ကိုးစားသူ အားလုံးအတွက် မျှော်လင့်ခြင်း အသစ်ကို ပေးသနားတော်မူလိမ့်မည်။

အသက်တာ၌ ကိုယ်တော်၏တို့ထိမှုကို အမှန်လိုအပ်ပါ၏။ ကျွန်ုပ်တို့၏ နှလုံးသားတွင်း အသစ်တစ်ဖန်မွေးဖွားရန် လိုအပ်သည့်ကဏ္ဍများကို ထိတွေ့ခြင်းက ကျွန်ုပ်တို့တာဝန်နှင့် ဝတ္တရားများကို လုပ်ဆောင်နေစဉ်၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ပါဝင်၍ လုပ်ဆောင်နေကြောင်းကို ယုံကြည်လျက် စိတ်ချနေပါ။ မကောင်းမှုမှ ကောင်းမှုသို့၊ ကောင်းမှုမှ ပိုမို၍ ကောင်းသောအမှုဖြစ်အောင် ဘုရားသခင်သည် အသစ် ပြန်ပြောင်းကာ ပြုနိုင်သော အရှင်သခင် ဖြစ်တော်မူသည့်အကြောင်း တိုက်တွန်းနှိုးဆော်ပါ၏။

## *2014, June Events*







**Holy Communion**

06/ 01/ 2014

~~~~~~~~~~~~~~

**B.C.F. Official Board Meeting**

06/ 08/ 2014

~~~~~~~~~~~~~~

**Father's Day Sunday**

06/ 15/ 2014

~~~~~~~~~~~~~~

**Evangelical Sunday**

06/ 20/ 2014

~~~~~~~~~~~~~~

**Every Service on Sunday 2:00PM**
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

June

## ~~Interesting Facts about June~~

The 6th month of the year is an outstanding one June is named after the Roman Goddess Juno who is the wife of Jupiter. However, others say that its name actually came from the Latin word juniors. It means the younger ones, which is opposed to majors or elders which May's name was originated from. In June, spring ends and summer begins in the Northern Hemisphere. During this time, all the flowers and plants are very beautiful. In the southern hemisphere, winter begins in June.

Spring ends and summer begins around June 20, 21, or 22 in the Northern Hemisphere. It's the time that the flowers are beautiful. It is especially the month for roses. In the Southern hemisphere, winter begins during June, and it brings cold, rainy weather to this part of the world.

The JUNE BUG also known as June beetle is the name for several large beetles seen in the United States during May and June. They are usually seen at night, when the light attracts them.

June bugs eat the young leaves of trees and plants. They deposit their eggs in the ground. The young larvae bury themselves in the soil in the autumn and stay there two years. They then come out in May or June as adult beetles.

Then let us, one and all,  
be contented with our lot;  
The June is here this morning,  
and the sun is shining hot;  
Oh! let us fill our hearts up with the glory of the day,  
And banish every doubt and care and sorrow far away.




*You are invited*

*Father's Day Special Worship Service*

at

Burmese Christian Fellowship  
St. Luke's Episcopal Church.  
122 S. California Ave. Monrovia, CA 91016

Sunday  
June 15, 2014  
2:00 PM

What a wonderful time of the year!  
We are coming up once again on that special day  
that is to honor our fathers.

Please join us

# အလိုတော်နှင့်ညီသော ... ဖခင်

ယုံကြည်သူ ခရစ်ယာန်အိမ်ထောင်မိသားစု အသီးသီးကိုကြည့်လျှင် အိမ်ထောင်တစ်ခုတွင် မိခင်၊ ဖခင်များ ရှိကြသလို သူတို့အသီးသီး၌ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလိုရှိသည်အတိုင်း ပေးထားသော ဆုကျေးဇူးအသီးသီး ရှိကြပါသည်။

ဖခင်များတို့သည်လည်း မိမိတို၌ ဘုရားသခင် ဘိသိက်ပေးခန့်အပ်ထားသည့် ဖခင်၏ အရိုက်အရာ ဖြစ်သော ဆုကျေးဇူးများနှင့်အညီ ဇနီးနှင့်သားသမီးတို့အပေါ်ဝယ်၊ အလိုတော်နှင့်အညီ ကြည့်ရှုပြုစုမေတ္တာပြလျက် ဦးဆောင်သင့်ပေသည်။

ရံဖန်ရံခါ ဖခင်များသည် မိမိတို့၏ သားသမီးများကို ပညာသင်ကြားပေး၊ ဥစ္စာပစ္စည်းဖြည့်ဆီပေး၊ လိုချင်သမျှကို ပံ့ပိုးပေးလျှင် ဖခင်ဝတ်ကျေပြီဟု ထင်တက်ကြသည်။

ထိုသို့မဟုတ်ပါ။ ဖခင်များသည် သားသမီးများအား ဘုရားသခင်နှင့် နှုတ်ကပါတ်တော်သိကျွမ်းခြင်းအသက်တာ၌ အသက်ရှင်ဖို့ရန် သွန်သင်တည်ဆောက်ပေးကြရပေမည်။ ဖခင်များသည် သားသမီးများကို မေတ္တာပေးဖို့၊ ဂရုဏာပြဖို့ အပြင် သူတို့၏ စိတ်ခါတ်ရေးရာ မြှင့်တင်ဖို့၊ အကျင့်စာရိတ္တ မြင့်မားဖို့ ဆုံမ လမ်းညွှန်ပြရန် အထူးလိုအပ်ပါသည်။ ထိုသို့ ပြုနိုင်ဖို့ရန် မိမိတို့ သားသမီးများနှင့် အချိန်ပေး၍ တာဝန်ကြေရမည်။

အချို့သောဖခင်များက မိမိတို့၏သားသမီးများကို အချိန်မပေးကြ၊ မိုးလင်းမှသည်မိုးချုပ်သည်အထိ အလုပ်နှင့် စားဝတ်နေရေးအတွက်သာ ချိန်ကုန်နေကြ၏။ အချို့သောဖခင်များသည်လည်း မိမိတိုသားသမီးများကို အချိန်မပေးနိုင်ကြပါ။ စီးပွါးရေးအတွက် ဟုဆိုကာ လပေါင်းများစွာ ခရီးထွက်ကြရပါသည်။

၁တိ ၅း၈တွင် "မိမိလူတို့ကိုမပြုစု၊ ထိုမျှမက မိမိအိမ်သူ အိမ်သားများကို မပြုစုသောသူသည် ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသော သူထက် သာ၍ ယုတ်မာ၏။"ဟု သတိပေးစကားကို ဆင်ခြင်လျက် ဖခင်များသည် မိသားစု လိုအပ်ချက် အတွက် အလုပ်လုပ်ပြီး မိသားစုကို ပံ့ပိုးယုံမျှမက မိသားစုသားသမီးများကိုလည်း အချိန်ပေး၍၊ ဘုရားကို ကြောက်ရွံ့၍ ရိုသေလေးမြတ်ခြင်းခြင်း ရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်။ အထူးသဖြင့် မိမိ၏ အိမ်ထောင်မိသားစု နှင့် သားသမီးများအပေါ် ဘုရားသခင်၏ နာမတော်အားဖြင့် ကောင်းကြီးပေးနိုင်စွမ်းရှိသူ ဖြစ်ရမည်။

အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်အိမ်ထောင် မိသားစုများတွင် ဖခင်များတို့သည် ယဇ်ပုရောဟိတ်၊ ပရောဖက်အပြင် ဘုရင်လည်း ဖြစ်သောကြောင့်တည်း။

ထိုသို့သော ဖခင်များဖြစ်ရန် ဘုရားသခင် အလိုတော်ရှိကြောင်းကို ဖခင်များနေ့အတွက် မေတ္တာနှင့် အသိပေး နှုိးဆော် ဝေငှလိုက်ပါသည်။

# အိမ်ထောင်ဦးစီးဖခင်

♠ Smile

★ သမ္မာကျမ်းစာကတော့... ဖခင်ဟာ
ယဇ်ပုရောဟိတ်...ပရောဖက်အပြင်
ဘုရင်လည်းဖြစ်တယ်...ဆိုထားတယ်။
ဒီဂုဏ္ဍသုံးရပ်လုံး...ပိုင်ဆိုင်ရုံနဲ့...မပြီးသေးဘူး။
အောင်မြင်လုပ်ဆောင်နိုင်ပါမှ...အမြင့်ဆုံး
အိမ်ထောင်ဦးစီးဖြစ်တယ်တဲ့။

★ လောကမှမ္မတာအရ... ဖခင်ဟာ
အိမ်ထောင်၏ရှေ့ဆောင်လမ်းပြ...ညာဏ်ရှိတယ်
ထက်မြက်တယ်... တွေးခေါ်နိုင်စွမ်းရှိတယ်။
အိမ်ထောင်၏စွမ်းအားရှင်...ဖန်တီးတဲ့သခင်
ရှာဖွေကျွေးသမား... ကာကွယ်ပေးသူဖြစ်တယ်။



★ ကမ္ဘာဦးလူသားအစ... ဖခင်ဟာ
အချင်းတို့...များပြားစွာမွေးဘွားကြလော့။
မြေကြီးကိုပြည့်စေ၍...နိုင်ကြလော့...ဆိုထားတယ်။
ဖခင်အတွက်မိခင်က...အထောက်အမ...လက်တွဲဖေါ်ပေ့ါ၊
တစ်သားတစ်ကိုယ်တည်းလေ။

★ ဖခင်ယောကျ်ား နဲ့ မိခင်မိန်းမ တွေမှာ...
မတူညီတဲ့...အရည်အသွေးတွေ...ကိုယ်စီရှိကြတော့၊
တစ်ဦးကိုတစ်ဦး...ပံ့ပိုးကူညီပါမှ...ပြီးပြည့်စုံတယ်။
တစ်ဦးရှိမှအခြားတစ်ဦးက...ပြည့်စုံမှုအပြည့်ရနိုင်တာ။
တစ်ဦးမပေးနိုင်တာ... အတင်းမတောင်းနဲ့၊
တစ်ဦးကလည်းမပေးနိုင်ဘဲ...လောကဝတ်မချော်ပါနဲ့။

★ အိမ်ထောင့်အပေါ်ဝယ်
မေတ္တာဆိုတဲ့ချစ်ခြင်း...အပေးအယူမျှမှ
အောင်မြင်တဲ့ အိမ်ထောင်ဖခင်ပေ့ါ။



# ဖခင်ကောင်းတစ်ဦးဖြစ်ရန် အထောက်အကူပြု တွန်အားပေးသော နှုတ်ကပါတ်တော်မှ ရွေးကျမ်းချက်များ။

သမ္မာကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစုခြင်း အလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။ တိမောသေဩဝါဒစာဒုတိယစောင်။ ၃း၁၆



ဖခင်များနေ့တွင် အောက်တွင်ဖေါ်ပြပါ ကျမ်းစကားအတိုင်း သားသမီးများကို သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးခဲ့သော ကျမ၏အဖိုးနှင့်ဖခင်အား ဂုဏ်ယူ ကျေးဇူးတင်လျက် ဂါရဝပြုပါ၏။ ထို့အတူ ဖခင်တိုင်း ဘုရားသခင်ထံမှ ကြွယ်ဝသော ကောင်းကြီး ခံစားရရှိပါစေ။

၁။ ဖခင်ကောင်းတို့မည်သည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း ရှိ၏။
*ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် အားကြီးသော ကိုးစားရာအခွင့်ကို ဖြစ်စေတတ်၏။ သားတော်တို့သည်လည်း၊ ခိုလှုံရာအရပ်ကို ရကြလိမ့်မည်။ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသေခံရာ ကျော့ကွင်းတို့မှ လွှဲရှောင်ရာ အသက် စမ်းရေတွင်းဖြစ်၏။ (သုတ္တံကျမ်း၊၁၄း ၂၆–၂၇)*

၂။ ဖခင်ကောင်းတို့မည်သည် အိမ်ထောင်၏ အချုပ်အချာ အဖြစ် ထာဝရဘုရားကို ဦးထိပ်ထားသူဖြစ်၏။
*ထာဝရဘုရားအားဝတ်မပြုကောင်းဟု သင်တို့ထင်လျှင်၊ မြစ်ကြီးတဘက်၌ ဘိုးဘေးတို့ ဝတ်ပြုသောဘုရား၊ သင်တို့ နေရာ အာမောရိပြည်သား တို့၏ ဘုရားများတွင်၊ အဘယ်မည်သော ဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ ရွေးကြလော့။ ငါနှင့်ငါ့အိမ်သား ဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။ (ယောရှုမှတ်စာ၊၂၄း၁၅)*

၃။ ဖခင်ကောင်းတို့၏ အဓိကကျသော အလုပ်မှာ သားသမီးတို့အား ဉာဏ်ပညာတိုးပွါးရန် သမ္မာကျမ်းစာတော်မြတ်အတိုင်း ချိန်ရှိသရွေ့ သွန်သင်ပေးသူဖြစ်၏။
*ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ အိမ်၌ထိုင်လျက် နေသည် ဖြစ်စေ၊ ခရီး၌သွားသည် ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည် ဖြစ်စေ၊ ထိုစကားကို ပြောရမည်။ ထိုစကားကိုလည်း သင်၏ လက်၌ လက္ခဏာ သက်သေဘို့ရာငင်း၊ သင်၏ မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ငင်း ချည်ထားရမည်။ အိမ်တံခါးမြို့တံခါးတို့၌လည်း ရေးထားရမည်။ (တရားဟောရာကျမ်း၊ ၆း၆–၉)*

၄။ ဖခင်ကောင်းတို့မည်သည် မိမိ၏သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြောင်း သိမှတ်၏။
*ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ အသက်ပျိုစဉ်၊ ဘွားမြင်သော သားသမီးတို့သည် သူရဲလက်၌ ရှိသောမြှားကဲ့သို့ ဖြစ်ကြ၏။ မိမိမြှားတောင့်ကို သူတို့ နှင့် ပြည့်စေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြ လိမ့်မည်။ (ဆာလံကျမ်း၊ ၁၂၇း၃–၅)*

၅။ ဖခင်ကောင်းတို့မည်သည် ဘုရားသခင်နှင့် အစဉ် မိတ်သဟာဖွဲ့လျက် ခွန်အားဖြည့်ဆီးသောသူဖြစ်၏။
*သင့်ကို ငါမှာထားသည်မဟုတ်လော။ အားယူ၍ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟုမိန့်တော်မူ၏။ (ယောရှု၊ ၁း၉)*

၆။ ဖခင်ကောင်းတို့မည်သည် သမ္မာကျမ်းစာပါ သွန်သင်ချက်အတိုင်း လိုက်နာ၍ ကျင့်ဆောင်တတ်အောင် ဖေမကူညီပေသူ ဖြစ်၏။
*ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည် အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။ (တိမောသေဩဝါဒစာဒုတိယစောင်၊၃း၁၆–၁၇)*

၇။ ဖခင်ကောင်းတို့မည်သည် အိမ်ထောင်သားသမီးတို့အား မိမိ (ဖခင်)မှတဆင့် ဘုရားသခင် ကောင်းကြီးပေးနေကြောင်း၊ ဂတိတည်တော်မူကြောင်းကို ဖေါ်ညွှန်းနေ၏။
*အကြောင်းမူကား၊ သူသည် မိမိနောက်၌ ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည် အရာကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရားလမ်းသို့လိုက်၍၊ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ဂတိတော် ရှိသည်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ ပြုရသော အခွင့် ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။ (ကမ္ဘာဦးကျမ်း၊ ၁၈း၁၉)*

၈။ ဖခင်ကောင်းတို့မည်သည် ပညာသွန်သင်ခြင်းဖြင့် ဖြောင့်မတ်သော သားကို ရ၍ အားရဝမ်းမြောက်သောသူ ဖြစ်၏။

*ဖြောင့်မတ်သောသူ၏ အဘသည် အလွန်ဝမ်း မြောက်လိမ့်မည်။ ပညာရှိသောသားကို ဖြစ်ဘွားစေသောသူသည် ထိုသား၌ အားရဝမ်းမြောက်လိမ့်မည်။ (သုတ္တံကျမ်း၊ ၂၃း၂၄)*

၉။ ဖခင်ကောင်းတို့မည်သည် သားသမီးတို့အား သမ္မာတရားနှင့်အညီ ဆုံးမသွန်သင်တတ်၏။

*သူငယ်သွားရာ လမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်း၌ မလွှဲ၊ လိုက်သွားလိမ့်မည်။ (သုတ္တံကျမ်း၊ ၂၂း၆)*

၁၀။ ဖခင်ကောင်းတို့မည်သည် မိမိ၏ သားသမီးတို့အား ကောင်းကြီးခံစားရ၍၊ မင်္ဂလာရှိစေရန် ဖခင်သည် ဘုရားတရားကြည်ညိုသောသူ ဖြစ်၏။

*ဖြောင့်မတ်သောသူသည် မိမိ ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်၍၊ သူ၏ သားစဉ် မြေးဆက်တို့သည် မင်္ဂလာရှိကြ၏။ ။ (သုတ္တံကျမ်း၊ ၂၀း၇)*

၁၁။ ဖခင်ကောင်းတို့မည်သည် မိမိ၏ မှန်ကန်စွာရွေးချယ်မှု နှင့် နာခံလိုက်လျှောက်မှု အားဖြင့် သားစဉ်မြေးဆက် .. အဆက်ဆက် ကောင်းကြီးဖြစ်စေသောသူဖြစ်၏။ ထိုသို့မဟုတ်ပါမူ သားစဉ်မြေးဆက် .. အဆက်ဆက် ပြစ်ဒဏ်ခံရ၏။

*ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား...၊ ထာဝရဘုရား...၊ ချစ်ခြင်းသနား မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်း များသော သူတို့အား သနားခြင်း ကျေးဇူး တရားကို စောင့်တော်မူထသော၊ အမှုကျူးလွန်ခြင်း လွန်ကျူးခြင်း၊ ဖြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင် တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။ (ထွက်မြောက်ရာကျမ်း၊ ၃၄း၆-၇)*

၁၂။ ဖခင်ကောင်းတို့မည်သည် သားသမီးတို့ကို မေတ္တာဖြင့် ဆုံးမတော်မူတတ်၏။

*ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏ အပြစ်ကို စစ်ဆေးတော် မူသောအခါ စိတ်မပျက်စေနှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ် ၏။ နှစ်သက် တော်မူသော သားကို ဒဏ်ခတ်တော်မူတတ်၏။ (သုတ္တံကျမ်း၊ ၃း၁၁-၁၂)*

၁၃။ ဖခင်ကောင်းတို့မည်သည် မိမိ၏သားသမီးတို့ကို စိတ်ဆိုးစေခြင်းငှါ မပြုကြပါ။

*အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊ သခင်ဘုရား၏အလိုတော်နှင့်ညီ သော ဆုံးမသွန်သင်ခြင်းကို ပြုလျက်ကျွေးမွေးကြလော့။ (ဧဖက်၊ ၆း၄)*

၁၄။ ဖခင်ကောင်းတို့မည်သည် မိမိ၏ဇနီးပေါ် ခင်ပွန်းကောင်းဖြစ်ကြောင်း ပြသခြင်းဖြင့် သားသမီးတို့အပေါ်ဝယ် အကောင်းဆုံး ချစ်ပြရန် အိမ်ထောင်အခြေခိုင်ခံ့ရမည်။

*ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့ သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။ (ကမ္ဘာဦးကျမ်း၊ ၂း၂၄)*

၁၅။ ဖခင်ကောင်းတို့မည်သည် သားသမီးတိုနှင့် အပြန်အလှန် ချစ်ခင်ရင်းနှီးမှု ရှိ၏။

*ငါသည် လာ၍သင်တို့၏ ပြည်ကိုကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက် သည် သားတို့နှင့်အဘတို့ကိုငင်း၊ အဘတို့နှင့် သားတို့ကိုငင်း အသင့်အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏။ (မာလခိအနာဂတ္တိကျမ်း၊ ၄း၆)*

၁၆။ ဖခင်ကောင်းတို့မည်သည် ထာဝရဘုရား၏ လမ်းခရီးတော်သို့ လိုက်တတ်သူဖြစ်၏။

*ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ရသော အစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစား ရလိမ့်မည်။ သင်၏မယားသည် သင့်အိမ်နား မှာများစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့ငင်း၊ သားသမီးတို့သည် သင့်စားပွဲ ပတ် လည်၌ စိုက်ပျိုးသော သံလွင်ပင်များ ကဲ့သို့ငင်း ဖြစ်ကြလိမ့်မည်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့သော မင်္ဂလာရှိရလိမ့်မည်။ ထာဝရဘုရားသည် ဇိအုန် တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊ ယေရုရှလင်မြို့ ခံရသော ကောင်းကျိုးကို တသက်လုံးမြင် ရလိမ့်မည်။ မိမိသားသမီးတို့၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။ (ဆာလံကျမ်း၊ ၁၂၈း၁-၆)*

~~~~~~~~~~~~~~~~~~~ ***ရှိရှိအေး*** ~~~~~~~~~~~~~~~~~~~


~~~~~~~~~~~~~~~~~~~

**သက်သေခံချက်**

# ကျွန်တော်နှင့် ကျွန်တော်၏သား

အမိဝမ်းတွင်း၌ သန္ဓေတည်စကတည်းက ဘုရားသခင်၏ ကျေးဇူးတော်နှင့် လွတ်ကင်းသောအရာ တစ်စုံတစ်ခုမျှ မရှိကြောင်းကို ကျေးဇူးတော် ချီးမွမ်းရင်း … ဘုရားသခင်၏ဂုဏ်တော်သည်တည်ပါ၏။ … သစ္စာတော်သည်လည်းပြည့်စုံပါ၏ … ဟုဝန်ခံပါသည်။

ကျွန်တော့်အမည် မိုးသာ။ ဇာတိရပ်မြေ ရန်ကုန်မြို့။ ကျွန်တော့်ဇနီးကလည်း ခြံစည်းရိုးပင်မခြား တဝင်းတခြံ ထဲနေသူ၊ သို့သော်လည်း ကျွန်တော်သည် နှစ်ခြင်း အသင်းသားတစ်ဦး၊ အိမ်သူသက်ထား ဇနီးမှာ ရေဖျန်းကက်သလစ် ဘာသာဝင် ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦး ဂိုဏ်းကွဲသော်လည်း ဘုရားရှင်လို လားသော ဂိုဏ်းပေါင်းစုံ စည်းလုံးညီညွတ် တပေါင်းတစ်စည်းတည်း ရှိဘို့ရန်အတွက် စံပြအနေဖြင့် ကျွန် တော်တို့နှစ်ဦးကို ဘုရားသခင် စုံဖက်ပေးခဲ့ပါသည်။ ၂၀၁၂၊ စက်တင်ဘာလ ၇ ရက်တွင် အိမ်ထောင်သက် (၅၅)နှစ် ရှိပါပြီ။ ကျွန်တော်တို့တွင် သမီးနှစ်ယောက်ရှိပြီး၊'သား'အလွန်လိုခြင်လွန်း၍ (ရှင်မဿဲ၊၁၈း၁၉) မှ "မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင်၊ တောင်းသမျှသော ဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတ့်" ဆိုသည့် ဂုဏ်တော်နှင့် အညီ ဘုရားရှင်ထံ ဆုတောင်းခဲ့ပါသည်။ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦး၏ ဆုတောင်းသံကို ဘုရားရှင်ကြားပြီး နားညောင်းတော်မူသောကြောင့် ကျွန်တော်တို့၏ အိမ်ထောင်သက် (၁၀)နှစ်ကျော်မှာ 'သား' ရတနာဆုကို ရရှိပါသည်။

သားကလေး မွေးလာပြီး နာရီပိုင်းအတွင်းမှာ၊ သားလေး၏ တစ်ကိုယ်လုံးကို ဆနွင်းနှင့် လူးထားသည့် အလား ဝါဝါထိန်နေသည်။ ချက်ခြင်းပင် သားဖွားနှင့်မီးယပ် ဆရာဝန်မကြီးများတို့က "ကလေး သွေး လဲရမယ်။ ဖခင်ကလည်း ရှာပါ။ ဆေးရုံကလည်း ရှာပေးမယ်။ သွေးအမျိုးအစားက RH– (RH minus) ဖြစ်ပါတယ်"။ ကျွန်တော်တို့ဇနီးမောင်နှံ ဆုတောင်းကြပါသည်။ ကျွန်တော်တို့ဌါနမှ သွေးလှူရှင်များမှာလည်း ဖေါ်ပြပါ RH– သွေးအမျိုးအစား မရှိပါ။ သားမွေးပြီး နောက် (၂)ရက်လွန် (၃)ရက်မြောက် နံနက် ၂း၃၀နာရီ အချိန်မှာ အလှူရှင်ကိုလည်း မမြင်မတွေ့ရပါ။ သို့သော် သွေးလှူရှင်အမျိုးသားမှာ RTB ဌါနမှဖြစ်ကြောင်း သိရပါသည်။ အသားဝါနေသောသားရဲ့ သွေးကို ချက်မှထုတ်၊ လိုနေတဲ့ RH– သွေးကို ခြေမျက်စိ နောက်ကျောမှသွင်းပေးပါသည်။ ထိုနေ့တွင် သွေးလဲသော ကလေး(၆)ယောက်တွင် ကျွန်တော့်သား တစ်ဦးတည်း သာအသက်ရှင်ကြောင်း ဆရာဝန်မကြီးများပြောပြချက်အရ သိရပါသည်။ သမ္မာကျမ်းစာ (မဿဲ၇း၇–၈) ၌ "တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအား လည်းတံခါးကိုဖွင့်၏" ဟုမိန့်တော်သည့်အတိုင်း၊ ကျွန်တော်တို့ဇနီးမောင်နှံ အပြင် ဆွေမျိုးမိတ်ဆွေများ လည်း ဝိုင်းဝန်းပါဝင် ဆုတောင်းခံကြရာတွင် ဘုရားရှင်သည် ကလေးငယ်ကို အသက်ချမ်းသာခွင့် ပေးပါသည်။

ကျွန်တော့်အလုပ်အားလပ်ရက်တစ်နေ့တွင်၊ မိတ်ဆွေတစ်ဦးက ငါးများ အတူသွားရန် ခေါ်သဖြင့် ကျွန်တော့်သားက "သားလည်း လိုက်ခြင်တယ်"ပြောသောကြောင့် သားကို ခေါ်ပြီး၊ အင်းစိန် ဘိုကုန်းရေကန်၌ ငါးထိုင်များကြပါသည်။ ကျွန်တော့်မိတ်ဆွေကတစ်နေရာ၊ ကျွန်တော်တို့သားအဖနှစ်ယောက်က တစ်နေရာ၊"သား …ဒီရေကန်ကစောက်ဖြစ်တယ်။ နက်လည်းနက်တယ်။ ဘယ်ကိုမှ မသွားနဲ့။ ဒီနားမှာပဲမျှားနေဝ်" ပြောပြီး၊ ကျွန်တော့်မှာလည်း ငါးရရှိရေးအတွက် အာရုံစိုက်နေပြီး မျှားနေစဉ် သားအနားမှာ ရှိ/မရှိ လှည့်ကြည့်တော့ သူမရှိဘူး။ သူ့ကို ခေါ်တော့ "သားဒီမှာရှိပါတယ်…ဖေဖေ" လို့အသံပေးပြီး၊ (၁၀)မိနစ် အတွင်းမှာ ရေထဲလိမ့်ကျသံနှင့်အတူ "ဖေဖေရေ .. ရ.. ရ.. ရ" အော်ပြီး၊ " ဂူး… " "ဝါး… " အသံလောက် ကြားလိုက်ရပါသည်။ သား .. ရေနစ်တာကို သိသည်နှင့် တပြိုင်နက် ကျွန်တော်လည်း ရေကန်ထဲ ခုန်ဆင်းပြီး သားကို လက်မောင်းမှဆွဲကိုင်၍ ကန်ဘောင်ပေါ်သို့တင်ပေးခဲ့ရပါသည်။"လူကြီးစကားကို နားမထောင်တဲ့ အတွက် အခုလို ဖြစ်တာ။ မင်း .. ကံကောင်းတယ်"ဟု ကျွန်တော်ပြောသော်၊ သားက "အဖေ ကယ်လို့ပေ့ါ"။ အမှန်မှာ ကျွန်တော်ကယ်တာ မဟုတ်ပါ။ ဘုရားရှင်ရဲ့ကျေးဇူးတော်ပါဘဲ။ ဒါဟာ ကျွန်တော့်သား ၉နှစ်–၁၀နှစ် အရွယ်ပါ။

၁၉၈၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဘို့ စာကျက်ရင်း၊ သားက အခန်းထဲမှာ အိပ်ပျော်သွားသည်။ ထိုအခန်းတွင် ကျွန်တော် ဝါသနာပါရာ ငါးများတံ၊ သေနတ်၊ ကျည်ဆံနှင့် ယမ်းတွေ ထားပါတယ်။ သားအိပ်နေစဉ် သမီးကြီးက "အဖေ…မောင်လေးအခန်း မီးလောင်နေပြီ။ မောင်လေးကို ကယ်ပါအုံး"။ တံခါးကို ကျွန်တော်ဖွင့်လိုက်ရာ အခန်းတစ်ခုလုံး မီးခိုးများပြည့်ကြပ်နေပြီး သားခမြာမှာ အသက်မရှူနိုင်။ သူ့လက်ကိုဆွဲပြီး အခန်းထဲမှ ခေါ်ထုတ်ခဲ့ရပါသည်။ ကလေးတွေကို "ငြိမ်ငြိမ်နေကြ။ ဘာမှမကြောက်နဲ့။ အဖေ…မီးကို ငြိမ်းသတ်မယ်" ပြောပြီး၊ ကျွန်တော်တစ်ယောက်တည်း မီးကို ငြိမ်းသတ်ရာတွင် သေနတ် ကျည်ဆံနှင့်ယမ်းများကြောင့် အထပ်ခိုးထိ မီးစွဲနေသဖြင့် မီးအရှိန်ပြင်း၍ မျက်နှာနှင့်လက်များတွင် ဒဏ်ရာ ရခဲ့ပါသည်။ အိမ်ခန်းမီးလောင်ပျက်စီးခဲ့ပါသည်။ သို့သော်လည်း ရပ်ကွက်ကောင်စီ၊ ရဲစခန်းနှင့် တရားရုံး မရောက်ရတာ မေတ္တာတော်ရှင် ဘုရားသခင်၏ ကျေးဇူးတော် သက်သက် ဖြစ်ပါသည်။ ထိုစဉ်က အဖြစ်အပျက်သည် ကျွန်တော်တို့ မိသားစုကို အစိုးရ ပုဒ်မဥပဒေတွေ တသီကြီးတတ်၍ တရားစွဲကာ၊ အိမ်လည်း ချိတ်ပိတ်ခံရမှာ သေချာပါသည်။

၁၉၈၇ခုနှစ်၊ ကျွန်တော့်သား ၁၀တန်းစာမေးပွဲအောင်မြင်၍ "သားတက္ကသိုလ်ဆက်တက်ချင်သလား။ အလုပ်လုပ်ချင်ပြီလား" ဟုမေးသောအခါ "သားဘာလုပ်ချင်တယ်ဆိုတာကို နောက်တော့သား ပြောပါ့မယ် … အဖေ" ဆိုပြီး၊ သူ (၈)တန်းကျောင်းသားဘဝကတည်းက အင်္ဂလိပ်စာသင်ကြားနေသောရဒ်လမ်းရှိ၊ ရဟန်းဖြစ်တက္ကသိုလ်(ကက်သလစ်ကျမ်းစာသင်ကျောင်း)သို့သွားမြဲသွားနေပါသည်။

တနေ့တွင်၊မမျှော်လင့်ဘဲ ကျွန်တော်သားက သူ့ဆန္ဒကိုတင်ပြကာစကားဆိုလာပါသည်။

"အဖေ … သား နိုင်ငံခြားသွားပြီး ကျောင်းတက်မယ်။ တစ်ဖက်ကလည်း အလုပ်လုပ်မယ်"

"နေပါအုံး၊ အဖေတို့မှာ နိုင်ငံခြားလူခံမရှိဘူး။ ဒီတော့သားရဲ့ဆန္ဒကို မဖြည့်ပေးနိုင်သေး ဘူး"

"မပူပါနဲ့ကူညီမဲ့သူရှိပါတယ်…အဖေ။ အခုသားလိုအပ်တဲ့စာရွက်စာတမ်းတွေလုပ်နေပါတယ်"

"သားကို ဘယ်သူကူညီမှာလဲ။ အဖေသိချင်တယ်"

“နောက်တော့သိရလိမ့်မယ်။ သားပြောပြမှာပါ”
မှန်ပါတယ်။ လိုအပ်တာတွေပြီးပြည့်စုံတာနဲ့၊ “သား..အမေရိကန်ပြည်မှာကျောင်းသွားတက်မယ်။ အလုပ် လုပ်ခွင့်ရတဲ့အခါ အလုပ်လည်းလုပ်မယ်။ သားကိုကူညီမဲ့သူက ကက်သလစ်ဓမ္မတက္ကသိုလ် ဒုကျောင်းအုပ် Fr.Steven Mann Tha Bwa ... အဖေ”

“ ကောင်းပြီ၊ အဖေသူ့ကိုတွေ့ပြီးမေးချင်သေးတယ်”

“ မလိုပါဘူးအဖေ။ သားခရီးထွက်ဖြစ်ဘို့ အဖေနဲ့အမေ ဆုတောင်းပေးပါ”လို့ သားက ပြောပြီး၊ ၁၉၈၉တွင်၊ ကျွန်တော်၏သား ခရီးထွက် သွားပါသည်။ သားထံမှ သူ..ချောမောကောင်း မွန်စွာ ရောက်ရှိပါကြောင်း၊ အဖေနဲ့အမေတို့ ကျန်းမာအောင် ဂရုစိုက်ဖို့ မှာကြားပြီး၊ သူ့အတွက် စိတ်ပူပင်စရာ မလိုကြောင်း၊ ဖုန်းဆက်ပါသည်။ မကြာမီ သားထံမှ စာရပါသည်။ Fr. Mann စီစဉ် ပေးသည့်အတိုင်း အိုင်ယာလန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Sullavan နှင့်ဇနီး Nicky Sullavan အိမ်တွင် သားနေထိုင်ပါသည်။

သူတို့တွင် သားသမီး(၁၀)ယောက်ရှိသော်လည်း တစ်ဦးတစ်ယောက်မှ မိဘနှင့်အတူ မနေပါ။ သီးခြားနေကြသည်။ သားကို သူတို့၏သားအဖြစ် ကြည့်ရှုလက်ခံပြီး၊ ပညာသင်ပေးပါမည် စသည့်တို့သိရပါသည်။

ကျွန်တော့်သားကျောင်းပြီးသွား၍ MBA ဘွဲ့ရသောအခါ၊ သားကို ချီးကျူးဂုဏ်ပြုစကား ဆိုရင်း၊ စက်ာပူကို ဆင်းလာပါ။ အဖေ... မြန်မာပြည်နဲ့စက်ာပူ စီးပွားရေးလုပ်ခြင်သည် ဆိုသည့် ကျွန်တော့်ဆန္ဒကို သားအား ပြောပြပါသည်။ တစ်လနီးပါးခန့်ကြာသော် “အဖေပြောတဲ့ စီးပွား ရေးလုပ်ဘို့ ဆိုတာ မဖြစ်နိုင်တော့ဘူး။ သား... ရဟန်းဖြစ် ဓမ္မတက္ကသိုလ် တက်ဘို့ စာရင်းသွင်း ထားတာ အခုလက်ခံကြောင်းစာ ရောက်လာပြီ” “သားတက်ရမဲ့ဓမ္မတက္ကသိုလ်ကဘယ်မှာလဲ” “Saint Mary, Mandolin, Illinois မှာ သားက (၇) နှစ်တက်ရမယ်” “ကောင်းတာဘဲလေ” ဟု ကျွန်တော့်ဇနီးက ပြောသော်ငြားလည်း သားပြောတဲ့ စကားကြောင့် ခေါင်းထဲမှာ ရှုပ်ထွေးပြီး၊ ဘာတစ်ခုမှ စဉ်းစား၍ မရသလို၊ အိပ်လို့လည်း မရနိုင်ပါ။ တဖြည်းဖြည်း စဉ်းစားရင်း ကျွန်တော့် အကြံအစီကို ဘုရားသခင် ပယ်လိုက်တာပါ။ ‘Man proposes but God disposes’ စကားပုံအရ၊ မိမိကိုယ်ကို နှစ်သိမ့် ဝန်ခံခဲ့ပါသည်။

ဘုရားသခင်၏ပြင်ဆင်မှုသည် အလွန်အံ့သြဘွယ်ရာတည်း။ ကျွန်တော့်သားကိုဘုန်းကြီး ရဟန်းဝတ်ပါလို့ တစ်ကြိမ်တခါမျှ မတိုက်တွန်းခဲ့ပါ။ သို့သော်လည်း ကျွန်တော့် ယောက္ခမသည် သားကို ‘Paul’ အမည်ပေးပြီး၊ သူကြီးလာလျှင် ‘ဘုန်းကြီး’ ဖြစ်မည်ဟု ကြိုတင် နမိတ်ပြုခဲ့၏။ ကျွန်တော်၏ လုပ်ဖေါ်ဆောင်ဖက်၊ လူအများ လေးစားရသူ မိတ်ဆွေတစ်ဦးက “ ခင်ဗျားသားက ပေါ်ပြူလာဖြစ်မယ်။ ထွန်းထွန်းပေါက်ဖြစ်ရုံမက လူမျိုးခြားတွေရဲ့နှုတ်မှာ သူ့နာမည်စွဲနေလိမ့်မယ်” ဆိုပြီး၊ ကျွန်တော့်သားကို ‘ပေါ်ထွန်းလွင်’ဆိုတဲ့ နာမည်ပေးခဲ့တာကို ပြန်လည်သတိရမိသည်။

၂၀၀၂၊ ဇွန်လ၊ ၁ ရက်နေ့မှာ ကျွန်တော့်သား၏ လက်တင်မင်္ဂလာပွဲ Ordination Ceremony ကို တက်ရောက်ရန် သာသနာပိုင် ဘုန်းတော်ကြီး Archbishop J. Bolin မှ ဘိတ်ကြား စာနှင့်အတူ လေယာဉ်လက်မှတ် ပူးတွဲ ပို့ပေးသဖြင့်၊ ထိုအထောက်အထား များဖြင့် အမေရိကန် သံရုံး၌ ဗီဇာလျှောက်ထားရာတွင် 9/11 အရေးအခင်းကြောင့် ဗီဇာရရှိရန် အလွန်ခက်ခဲနေချိန် မှာပင်၊ သံရုံးကောင်စစ်ဝန် ကိုယ်တိုင် ပြုံးရွှင် မျက်နှာနှင့် နှုတ်ဆက်ပြီး အမေရိကန်ဗီဇာ ထုတ်ပေး ပါသည်။ မဿဲ၊ ၆ း ၈မှာ “ အကြောင်းမူကား၊ သင်တို့ အလိုရှိ သမျှတို့ကို သင်တို့မတောင်းမီ သင်တို့အဘ သိတော်မူ၏”။

ကျွန်တော်သည် ကျောင်းသားဘဝ ကတည်းက ခရစ်ယာန် ဂိုဏ်းကွဲများမှ လက်တင် မင်္ဂလာ ခံယူပွဲများကို မြင်ဖူးတွေ့ဖူး ပါ၏။ သို့သော် ကျွန်တော့်သား၏ Ordination Ceremony သည်ကား တခမ်းတနားနှင့် တမူ ထူးခြားလှပေသည်။ St. Elizabeth Diocese, Kansas City, Missorie တွင် အမေရိကန် ပြည်ထောင်စုအတွင်းမှ ဖိတ်ကြားထားသော ဧည့်သည်ဘုန်းတော်ကြီး ပေါင်း(၂၀၀)နှင့် မြန်မာပြည်မှ ဘုန်းတော်ကြီး(၆)ပါး အပါအဝင် သာသနာပိုင် ဘုန်းတော်ကြီး Archbishop J. Bolin ဦးဆောင်လျှက် အသင်းလူကြီးများနှင့် ဧည့်ပရိသတ်များ ပြည့်လျှံစွာတွေ့မြင် ရသဖြင့် ရင်ထဲတွင် ကြည်နူးပီတိဖြစ်ပါ၏။ ယခု သားသည် St. Timothy Roman Catholic Church ၌ Parochial Vicar အဖြစ် သာသနာအမှုတော်ဆောင် နေ၏။

ဤသည်မှာ ရှေးမဆွကပင် ဘုရားရှင် ရွေးကောက်ထားပြီဖြစ်သော ‘သား’ ကို ဖေါ်ပြခဲ့ ပြီးသော ဘေးရန်အပေါင်းမှ ကယ်နှုတ်ပြီး၊ လူမျိုးချင်းမတူ၊ ယဉ်ကျေးမှုနှင့် စကားပြော မတူသော တိုင်းတစ်ပါးသို့ ပို့၍၊ ဓမ္မဝန်ဆောင်သင်တန်းကို (၇)နှစ် တက်ပြီးမှ ခရစ်တော် ကိုယ်စားပြု သာသ နာပိုင်၏လက်မှရင်း၊ ဝါရင့်ဓမ္မဝန်ဆောင် သိက္ခာတော်ရ ဘုန်းတော်ကြီးများ၏ လက်များဖြင့်ရင်း၊ လက်တင်ခံမင်္ဂလာပွဲကို မိဘ(၂)ပါး မျက်ဝါးထင်ထင် မြင်တွေ့ နိုင်ဘို့တွက် အာဖြဟံ နည်းတူ သား ဣဇက်ကို ဘုရားသခင်တောင်းသကဲ့သို့ ကျွန်တော်၏သားကို ဓမ္မဝန်ဆောင်ဘို့ တောင်းခံခြင်းရာ ပေးခဲ့သောကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံသည် ဤသား အားဖြင့် ဘုရားရှင်ထံတော်ပါမှ ထပ်မံ၍ ခံစားရရှိသော ကျေးဇူးတော် အပေါင်းကို ရေတွက် ချီးမွမ်းလို့ မကုန်နိုင်ပါ။

စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည်နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သောသူတို့ကို
စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့။
မဿဲ၊ ၉း၃၇–၃၈

**သက်သေခံသူ – မိုးသာ**



# ဧသော၊ယာကုပ်....အကျဉ်းချုပ်



ဣဇာက်နှင့်ရေဗက္ကာ .. အိမ်ထောင်ကျလေ၏။
ပဋိသန္ဓေရရန် .. ဘုရားထံဆုပန် .. မုချရလေ၏။

ဖွားချိန်စေ့သော် .. အမွှာသားတော် .. မွေးလာသော် .. ဧသော၊ယာကုပ် .. ဇာတ်ထုပ်ဖြစ်၏။
အဦးဖွားသူမှာ .. ဆင်းနီအမွေးပါ .. အဝတ်ဖွာကဲ့သို့ .. ရှိသည်မို့ .. အမည်ဧသော .. မှည့်ခေါ်၏။
ထိုသည်နောက်မှ .. အစ်ကိုဖနောင့် .. ကိုင်ကာဖွားလာ .. ညီငယ်အမည် .. ယာကုပ်ပါ။

ဧသောမူကား .. လိမ္မာရေးခြား .. တောသားမုဆိုး .. ဖြောင့်မတ်ရိုးသားသူဖြစ်၏။
ယာကုပ်မှာမူ .. စိတ်ထားကောင်းသူ .. နှလုံးဖြူစင် .. ချစ်ခင်ကြ၏။

သက်ကြွယ်အိုလှ .. မျက်စိမှုန်ပြပြ .. တုန်တုန်ရည်ရည် .. ဖခင်ဣဇာက်သည်
သူ၏ဝိညာဉ် .. ပေးမည်ကောင်းကြီး .. တစ်ဦးတည်းသာ .. သားကြီးဧသောပါ။

တစ်ခွက်အမဲဟင်းလျာ .. ချက်ပြုတ်ယူခဲ့ပါ .. ဖခင်မှာစကား .. မိခင်ရေဗကက္ကာကြား။

မေမေ့ဆန္ဒ .. သားငယ်ကိုခေါ် .. ဆိတ်ငယ်ကိုရွေး .. ဟင်းလျာချက်လို့ .. ကိုယ်တွင်အမွေး
သဏ္ဍာန်ဆင်၍ မုန့်နှင့်အတူ အဘထံဝင် လှည့်စားကြံကာ
ကောင်းကြီးမင်္ဂလာ လိမ်ညာယူသွား၊



လှည့်စားကောင်းကြီး .. ရသည့်အကြောင်း .. ဧသောသိသော်
ယူကျုံးမရ .. စိတ်ဆိုးမဲမာန် .. ညီကိုသတ်ရန်
မကောင်းကြံမိ .. ရန်ငြိုးရှိ၏။

ဤသို့အားဖြင့် .. ညီယာကုပ်သည် .. ပါဒနာရံပြည်သို့ .. စီရင်ပို့ခြင်း
စေလွှတ်ခံကာ .. သွားရရှာ၏။

ယာကုပ်သည်ကား .. မိဘစကား .. မြေဝယ်မကျ .. နားထောင်သဖြင့် .. ထပ်ဆင့်အဖြာဖြာ
ကောင်းကြီးမင်္ဂလာ .. ပတ်စည်းခံရ .. လျှံ၍ကျ၏။

ထို့ပြင်တဝ .. အနန္တတန်ခိုးရှင် .. ဘုရားသခင်စောင်မ .. စည်းစိမ်တိုးလို့ .. အမျိုးကြီးဖြစ်ခါ
ပင်လယ်သဲလုံးမက .. မိုးကြယ်တမျှ .. ပြည်တော်ကို .. အမွေရလေသတည်း။

**ရေး၊ ဒီဇင်ဘာထွေးထွေး ဝ၇**

# God's Love And A Father's Love

**How great is the love the Father has lavished on us,
that we should be called children of God!
And that is what we are! 1 John 3:1a**

I would like to share God's love and a Father's Love. We are honoring Fathers at Father's Day that will be held on 13th June 2014.

In the late 1800's … a man named Leo Hirschfield moved to the United States. He brought with him a recipe for chewy chocolate candy. He would make the candy, sit and cut it into pieces, and roll each piece in a paper wrapper for his little daughter. It took lots of time for him to do this. … Why would he do this? … Because he loved his little 5 year old daughter and she liked it that way. Fathers will do many things for their children because of their love for them.

We have a heavenly Father who loves us so much and does many things for us. He gives us beautiful sunshine. He sends rain so plants grow and we have food to eat, He sends us many blessings. He loves us so much, He even sent Jesus to die for our sins so that we could have eternal life.

Mr. Hirschfield really loved his daughter. He eventually made and sold his candy for 1 cent a piece. He named his candy after his daughter, Clara, whose nickname was "Tootsie." We still like to eat tootsie rolls today.

Our heavenly Father loves us even more than Mr. Hirschfield loved his daughter!!

Let's remember to thank Him for His great love.

**This is how God showed his love among us: He sent his one and only Son into the world that we might live through him. This is love: not that we loved God, but that he loved us and sent his Son as an atoning sacrifice for our sins. 1 John 4:9-10**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~